# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန် မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တပ်ပိုင်မြေအတွင်း မြေရိယာ (၅၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေးအလတ်စားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၈၇၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - ဦးကျော်ကျော်ဦး
လက်ထောက်အထွေထွေမန်နေဂျာ

(ခ) **ဆက်သွယ်ရန် လိပ်စာ** - အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ နမ့်စန်မြို့နယ်၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။
ဖုန်း-၀၉ ၂၅၄၁၈၃၃၃၄

(ဂ) **စီမံကိန်းအမျိုးအစား** - ကျောက်မီးသွေးအလတ်စား ထုတ်လုပ်မှုလုပ်ငန်း

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏အရွယ်အစား** - မြေဧရိယာ (၅၀) ဧက

(စ) **စီမံကိန်းတည်နေရာ** - ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန် မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်။

(ဆ) **ECC သက်တမ်း** - (၅) နှစ်
စတင်ထုတ်ပေးရက် - ၁၆-၅-၂၀၂၄
သက်တမ်းကုန်ဆုံးရက် - ၁၅-၅-၂၀၂၉

(ဇ) **အတည်ပြုအစီရင်ခံစာ အမျိုးအစား** - ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ

(ဈ) **အတည်ပြုအစီရင်ခံစာ** - အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ (၂၂-၂-၂၀၂၄) ရက်စွဲပါ စာအမှတ် ၆/၂ (MEC)/ ၁၇/ ၂၀၂၄ (၂၅၇၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်မီးသွေးအလတ်စားထုတ်လုပ်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေအတွင်း မြေဧရိယာ (၅၀) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၂၂-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၆/၂(MEC)/၁၇/၂၀၂၄ (၂၅၇၃)ဖြင့် တင်ပြခဲ့သည့် တတိယအဖွဲ့အစည်း ကြားကာလအကြံပေး လုပ်ကိုင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားပြီးဖြစ်သော ဘူမိဗေဒပညာရှင် ဦးမောင်လွင် ဦးဆောင်သောအဖွဲ့မှပြုစုသော အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးကျော်ကျော်ဦး၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ အမှတ် (ဥ-၃)၊ ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉ ၂၅၄၁၈၃၃၃၄ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေပေါ်ဟင်းလင်းဖွင့် တူးဖော်ခြင်းနှင့် မြေအောက်တူးဖော်ခြင်းနည်းစနစ်၊ မြေမျက်နှာပြင်ရှင်းလင်းခြင်း၊ အပေါ်ယံမြေဆီလွှာများကို ကျောက်မီးသွေးကြောရောက်သည်အထိ ဖယ်ရှားခြင်း၊ ကျောက်မီးသွေးကြောတူးဖော်ခြင်း၊ တူးဖော်ရရှိသော ကျောက်မီးသွေးများအား မိုင် (၂၅၀) ခန့်ကွာဝေးသော မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပြင်ညောင်ကျေးရွာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်းပိုင်၊ အမှတ် (၂) ဘိလပ်မြေစက်ရုံသို့ ပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအား ဝန်ထမ်းအင်အား (၃၈) ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တစ်ရက်လျှင် အလုပ်လုပ်ချိန် (၈) နာရီဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေတူးစက် (၂) စီး၊ မြေသယ်ယာဉ် (၂) စီး၊ မြေထိုးစက် (၁)စီး၊ ရေသယ်ယာဉ် (၁) စီး၊ Mini Truck (၁) စီး၊ ယာဉ်ငယ် (၁) စီး၊ Water Pump (၁) စုံ စသည့် စက်ယန္တရားများကို အသုံးပြုမည်ဖြစ်ကြောင်း၊ အထွေထွေ အသုံးပြုရန်အတွက် လိုအပ်သောရေအရင်းအမြစ်အား လုပ်ကွက်အတွင်းရှိ အဝီစိတွင်း (၁) တွင်းနှင့် စီမံကိန်းလုပ်ကွက်၏ အနောက်တောင်ဘက် ပေ ၁၈၀၀ ခန့် အကွာရှိ အင်းဗြဲမှရေကို သိုလှောင်အသုံးပြုပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တပ်ပိုင်မြေအတွင်း မြေဧရိယာ (၅၀) ဧကပေါ်တွင် တည်ရှိပါသည်။


မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်မီးသွေးအလတ်စားတူးဖော်ထုတ်လုပ်မှု လုပ်ငန်း၏ တည်နေရာပြမြေပုံ



# မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်မီးသွေးအလတ်စားတူးဖော်ထုတ်လုပ်မှု လုပ်ငန်း၏ Layout Plan



## မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၇၃) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်ပိုင်မြေအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်မီးသွေးအလတ်စားတူးဖော်ထုတ်လုပ်မှု လုပ်ငန်း၏ Flow Chart



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**
**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်မီးသွေးအလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၂၂-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၆/၂(MEC)/၁၇/၂၀၂၄(၂၅၇၃) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေပေါ်ဟင်းလင်းဖွင့်တူးဖော်ခြင်းနှင့် မြေအောက်တူးဖော်ခြင်းနည်းစနစ်၊ မြေမျက်နှာပြင်ရှင်းလင်းခြင်း၊ အပေါ်ယံမြေဆီလွှာများကို ကျောက်မီးသွေးကြောရောက်သည်အထိ ဖယ်ရှားခြင်း၊ ကျောက်မီးသွေးကြောတူးဖော်ခြင်း၊ တူးဖော်ရရှိသော ကျောက်မီးသွေးများအား မိုင် (၂၅၀) ခန့်ကွာဝေးသော မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပြင်ညောင်ကျေးရွာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်းပိုင်၊ အမှတ် (၂) ဘိလပ်မြေစက်ရုံသို့ ပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအနေဖြင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်မည့်ကာလတွင် ကျောက်မီးသွေးများသယ်ယူမည့် လမ်းတစ်လျှောက် မြေသားကားလမ်းအား တစ်နေ့ (၂) ကြိမ် ရေဖျန်းပေးမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ကျောက်စာ၊ မြေစာသယ်ဆောင်သည့်ယာဉ်အား တာလပတ်ဖြင့် ဖုံးအုပ်သယ်ယူစေရန်၊

(၃) ထွက်ရှိလာသော မြေစာ၊ ကျောက်စာပုံသည့် နေရာအား ဝန်း/ခြံ အကာအရံ (Fencing and Green Belts) များ ထားရှိ ဆောင်ရွက်ရန်၊

(၄) ယာဉ်သွားလမ်း ဝန်းကျင်ရှိ သစ်တော၊ သစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ ထိန်းသိမ်းထားရှိရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေစစ်ကန်မှရေများ မြေတွင်းစိမ့်ဝင်၍ မြေဆီလွှာနှင့် မြေအောက်ရေ အရည်အသွေး ထိခိုက်မှုမရှိစေရန် ရေစစ်ကန်အခြေနှင့် နံရံများကို ရွှံ့ဖြင့် မွမ်းမံ၍ ထင်းမီးသွေးအိတ်များ ခံထားခြင်းဖြင့် စွန့်ပစ်ရေ ညစ်ညမ်းမှု လျော့ပါး စေရေး ဆောင်ရွက်ရန်၊

(၂) ရေကြည်ကန်မှ ရေများအား ယာဉ်ယန္တရားများ ဆေးကြောခြင်း၊ လုပ်ကွက် အတွင်းနှင့် လမ်းများဖုန်မထစေရန် ရေဖျန်းခြင်းနှင့် အပင်များ ရေလောင်းခြင်းတို့ ဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပေါ်ဟင်းလင်းဖွင့် သတ္တုတူးဖော်ခြင်းနည်းစနစ်နှင့် မြေအောက်တူးဖော် နည်းစနစ်ဖြင့် တူးဖော်ခြင်းကြောင့် မြေအနေအထား ပြောင်းလဲနိုင်သဖြင့် အပေါ်ယံမြေဆီလွှာနှင့် ဖယ်ရှားမြေများအား စုပုံကွင်းတွင် စနစ်တကျစုပုံရန်၊

(၂) မြေပေါ်ဟင်းလင်းဖွင့်သတ္တုတွင်းများ၏ လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော လမ်းများအား ရေတိုက်စားမှု၊ မြေပြိုကျမှု မရှိ စေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်နှင့် မိုးရာသီတွင်လမ်းများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေစာ၊ ကျောက်စာ သယ်ဆောင်သော မော်တော်ယာဉ်များအား ကြံ့ခိုင်မှု ရှိစေရန် ကျွမ်းကျင်ဝန်ထမ်းနှင့် အမြဲပြုပြင် ထိန်းသိမ်းရန်၊

(၂) မော်တော်ယာဉ်သုံး စက်ဆီ၊ ချောဆီများအား ပုံမှန်လဲလှယ်ပေးရန်၊

(၃) အသုံးပြုယာဉ်များအား တန်ချိန်လျှော့ချတင်စေခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး မိနစ် (၂၀) ခန့်ခြား၍ မောင်းနှင်စေရန်၊

(၄) လုပ်ကွက်အတွင်း အများဆုံး ၁ နာရီ ၁၀ မိုင်နှုန်းထက် ပို၍ မောင်းနှင်ခြင်း မပြုစေရန်၊

(၅) ယာဉ်ယန္တရားများ အသုံးပြုသောလမ်းအား မျက်နှာပြင် ကျင်း၊ ချိုင့်များ မရှိစေရန် အစဉ်ထိန်းသိမ်းပြုပြင်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) တူးဖော်ထုတ်လုပ်သည့်ကာလတွင် အပေါ်ယံမြေဆီလွှာ၊ စွန့်ပစ်မြေစာပုံနှင့် စွန့်ပစ်ရေထွက်ရှိခြင်းအား စုပုံကွင်းတည်ဆောက်၍ စနစ်တကျစုပုံထားရှိရန်၊

(၂) စွန့်ပစ်ရေအား ရေစစ်ကန်များတွင် စုဆောင်းစစ်ယူ၍ ပြန်လည်အသုံးပြုခြင်းဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်၊

(၃) Domestic Waste နှင့်ပတ်သက်၍ စွန့်ပစ်သည့်နည်းစနစ်များ တည်ဆောက်၍ အသုံးပြုရန်၊

(၄) ထွက်ရှိလာသောအမှိုက်များကို အမျိုးအစားအလိုက်ခွဲခြားခြင်း၊ ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲထားရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) သစ်တော/သစ်ပင်များကို ခုတ်ထွင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ထင်းအဖြစ်သုံးစွဲခြင်း မရှိစေရန် စောင့်ကြည့်စစ်ဆေးတားမြစ်သွားရန်၊

(၂) တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင်ဖမ်းဆီးခြင်းများကို တင်းကြပ်စွာ တားဆီးသွားရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လုပ်ကွက်တာဝန်ခံမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ဆေးပေးခန်းတစ်ခုထူထောင်ထားရှိပြီး စီမံကိန်းလုပ်သားများ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာတွင် သွားရောက်၍ အလုပ်မလုပ်မီ အန္တရာယ်ဖြစ်စေနိုင်မည့် အခြေအနေများနှင့် မြေပြင်အခြေအနေကို ကြိုတင်စစ်ဆေးခြင်းတို့ ပြုလုပ်ရန်၊

(၄) ဝန်ထမ်းများအား ရှေးဦးသူနာပြုစုနည်းသင်တန်းများ သင်ကြားပို့ချပေးရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိသောနေရာ၊ ဌာနမှ ဝန်ထမ်း/လုပ်သားများ အမြန်ဆုံးထွက်စေခြင်း၊ လုံခြုံဘေးကင်းသောနေရာသို့ အမြန်ဆုံးရောက်ရှိရေးသတိပေးချက်နှင့် အချက်ပြစနစ်များ တပ်ဆင်ခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်၊

(၂) သယ်ယူပို့ဆောင်သွားလာရေးအတွက် ယာဉ်၊ စက်သုံးဆီများ ကြိုတင်စီစဉ်ထားခြင်းတို့ ဆောင်ရွက်ရန်၊

(၃) အရေးပေါ်အခြေအနေဖြစ်ပွားပါက အနီးဆုံးဆေးပေးခန်း/ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေထုအရည်အသွေးအား (၆) လ (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) မြေပေါ်ရေအရည်အသွေးအား (၆) လ (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) မြေအောက်ရေအရည်အသွေးအား (၆) လ (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) လေအရည်အသွေးအား လုပ်ကွက်အတွင်း လေအရည်အသွေး တိုင်းတာသည့်နေရာတွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) ဆူညံသံအရည်အသွေးအား လုပ်ကွက်အတွင်း ဆူညံသံအရည်အသွေးတိုင်းတာသည့် နေရာတွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) စွန့်ပစ်ရေအရည်အသွေးအား လုပ်ကွက်အတွင်းရှိ အနည်စစ်ကန် တစ်နေရာတွင် (၆) လ (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၇) အနည်စစ်ကန်များမှ ပိုလျှံစွန့်ပစ်ရေအရည်အသွေးအား လုပ်ကွက်အတွင်းရှိ အနည်စစ်ကန် တစ်နေရာတွင် (၆) လ (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊ ။

(ဌ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်

သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း (၁၀၀) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ထိခိုက်မှုနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း (၁၅၀) အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သိန်း (၁၀၀) အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် ရန်ပုံငွေကျပ်သိန်း (၁၀၀) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အတွက် ရန်ပုံငွေ ကျပ်သိန်း (၅၀) လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သိန်း (၂၀၀) လျာထားသုံးစွဲမည်ကိုလိုက်နာဆောင်ရွက်ရန်။

(တ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းပြီးချိန်တွင် စီမံကိန်းအတွက် ယာယီရယူအသုံးပြုခဲ့သော လုပ်ကွက်ဧရိယာအား ပြန်လည်အပ်နှံနိုင်ရေး၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊

(၂) စီမံကိန်း ဆောင်ရွက်နေဆဲကာလအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအမံများကို မိုင်းပိတ်သိမ်းပြီးကာလအထိ အရှိန်အဟုန်မပျက် ဆက်လက် လိုက်နာဆောင်ရွက်ရန်၊

(၃) သတ္တုတွင်းပိတ်သိမ်းပြီးနောက် ကျန်ရှိမည့် မြေပြင်ကို မြေသားခိုင်မာမှုရှိပြီး ဘေးကင်းစေရန် သတ္တုတွင်း ပိတ်သိမ်းခြင်း လုပ်ဆောင်ရမည့် အခြေခံ သဘောတရားများနှင့် နောက်ဆုံးတည်ဆောက်မည့်အဆင့်များအား အမှန် တကယ် လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းသက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့်အခြေအနေပေါ် မူတည်ပြီး ပိတ်သိမ်းရေးစီမံချက်အား တွေ့ကြုံခဲ့ရသည့် အခြေအနေများအပေါ် အခြေခံ၍ ထုတ်လုပ်သည့် ထွက်ကုန်နှင့် အကျိုးအမြတ်ထွက်ရှိမှုအရ ရန်ပုံငွေ သုံးစွဲနိုင်မှု၊ လူမှုစီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဆိုင်ရာ အခြေအနေများကို ပေါင်းစပ်သုံးသပ်လျက် အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဖွဲ့ဆောင်ရွက်ရန်၊

(၅) လုပ်ကွက်ဧရိယာအတွင်း ယာယီဖောက်လုပ်ထားသော လမ်းများအား ပြန်လည် ပြုပြင်ပေးခြင်းနှင့် မြေဖို့ခြင်းများ ပြုလုပ်ပေးသွားရန်နှင့် ဝန်ထမ်းများအား အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ရန်၊

(၆) သတ္တုတွင်းပိတ်သိမ်းပြီး (၅) နှစ်အထိ ရန်ပုံငွေထားရှိ၍ အပြီးသတ်မိုင်းပိတ် သိမ်းခြင်းအစီရင်ခံစာအား မိုင်းမပိတ်မီ (၁) နှစ်ထက်နောက်မကျစေဘဲ ဝန်ကြီး ဌာနသို့ အတည်ပြုတင်ပြရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း

စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့်စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက်အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့်ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဥ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဥ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဥ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (က)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ် ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင် အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(၉) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်း

ဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြု သူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆို ပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု

ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊

အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့်သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စ

ရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင် သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြား

စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင် အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက် ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---